ကောလင်းမြို့နယ်အတွင်း ၂၀၂၃၊ မေ ၂၇ မှ ဇွန် ၅ ရက်အထိ အကြမ်းဖက်စစ်အုပ်စုမှ သတ်ဖြတ်ခဲ့သည့် အလောင်း ၉ လောင်းတွေ့ရှိပြီး ၄ ဦး ပျောက်ဆုံးခြင်းဖြစ်စဉ်။

(၂၀၂၃ ခုနှစ် ဇွန်လ ၅ ရက်)

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည်

# ဖြစ်စဉ်အကျဉ်း

၂၀၂၃ခုနှစ်၊ မေ လ(၂၆) ရက် နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့မှ ထွက်လာသည့် အင်အား(၇၀)ကျော်ခန့်ရှိ အကြမ်းဖက်စစ်အုပ်စု ခမရ ၃၆၉ တပ်နှင့် ကိုးတောင်ဘို့မှ ထွက်လာသည့် ခမရ ၃၆၃ ၊ခလရ ၁၃၇ တို့နှင့်ပူးပေါင်းကာ အင်အား (၁၀၀)ခန့်ရှိသည့်ပူးပေါင်းတပ်တို့မှ ကောလင်းမြို့နယ်၊ ကျောက်ပြင်သာတိုက်နယ်အတွင်း စစ်ကြောင်းထိုးစစ်ဆင်ခဲ့ကြပြီး ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့် စံလယ်ရွာအနီး ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ အကြမ်းဖက်စစ်အုပ်စုဘက်မှ ထိခိုက် ဒဏ်ရာရရှိခဲ့ကြသည်။ ထို့နောက် မေ ၂၇ ရက်နေ့တွင် သစ်ဖုလှတောင်၌ အခြေစိုက်ထားသည့် အကြမ်းဖက်စစ်အုပ်စုတို့မှ အင်အားအလုံးအရင်းဖြင့်ကောလင်းမြို့နယ်အရှေ့ခြမ်း ကျေးရွာများအတွင်း စစ်ကြောင်းထိုးဝင် ရောက်လာခဲ့ပြီး ဒေသခံပြည်သူ ၁၃ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

# ကောလင်းမြို့နယ်၊ အင်ပင်လှ ကျေးရွာအုပ်စုအတွင်းမှ သတ်ဖြတ်ခံရသူများနဲ့ ပျောက်ဆုံးသူများစာရင်း

| စဉ် | အမည် | အသက် | နေရပ် | အခြေအနေ | ခန့်မှန်းသေဆုံး |
|---|---|---|---|---|---|
| ၁။ | ကိုသန်းထိုက်သူ | ၃၀နှစ် | ညောင်ကုန်းရွာ | သေဆုံး၊ ပြည်သူ | မေ၂၇ |
| ၂။ | ကိုနေလင်းအောင် | ၂၉ နှစ် | အင်ပင်လှရွာ | သေဆုံး၊ ပကဖ | ဇွန် ၃ ရက် |
| ၃။ | ဦးဝင်းမိုလ် | ၅၈ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပအဖ | ဇွန် ၂ ရက် |
| ၄။ | ဦးဆန်းဦး | ၅၀ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပအဖ | ဇွန် ၂ ရက် |
| ၅။ | ဦးဇော်ဦး | ၄၈ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပြည်သူ | ဇွန် ၂ ရက် |
| ၆။ | ဦးဇော်မင်း | ၃၅ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပြည်သူ | ဇွန် ၂ ရက် |
| ၇။ | ဦးဝင်းနိုင် | ၅၈ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပြည်သူ | ဇွန် ၂ ရက် |
| ၈။ | ဦးမျိုးမင်းထွန်း | ၃၂ နှစ် | မုတ်ဝရွာ | သေဆုံး၊ ပြည်သူ | ဇွန် ၂ ရက် |
| ၉။ | ဦးဆန်းလင်း | ၄၈ နှစ် | ဖက်ခါးကုန်း | သေဆုံး၊ ပအဖ | ဇွန် ၂ ရက် |
| ၁၀။ | ဦးမောင်ဝင်း | ၅၈နှစ် | ချပ်ကုန်းရွာ | ပျောက်ဆုံး၊ ပြည်သူ | |
| ၁၁။ | ဦးဆန်းဦး | ၃၈ နှစ် | ချပ်ကုန်းရွာ | ပျောက်ဆုံး၊ ပြည်သူ | |
| ၁၂။ | ဦးတင့်လွင်အောင် | ၃၄ နှစ် | ဘန့်ဘွေးကုန်း | ပျောက်ဆုံး၊ ပြည်သူ | |
| ၁၃။ | ကိုဖိုးဆိုး | ၂၇ နှစ် | ဘန့်ဘွေးကုန်း | ပျောက်ဆုံးပြည်သူ | |





အကြမ်းဖက်စစ်ကောင်စီ သတ်ဖြတ်ခဲ့သည့် ပြည်သူရုပ်အလောင်းများ





အကြမ်းဖက်စစ်အုပ်စုမှ ကျောက်တန်းရွာအတွင်းဝင်ရောက်လာကာ ပြည်သူ့နေအိမ် ၄ လုံးကို ဖျက်ဆီးခဲ့ပြီး ပြည်သူတစ်ဦး ပိုင်ဆိုင်သည့် အင်ဂျင်ဝိုင်ဆိုင်ကိုလည်းဝင်ရောက်ဖျက်စီးခဲ့ကြသည်။